# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 16 , 2025 Volume 97 , Number 12


| ၁၆-၁၂-၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၇.၅၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၇.၄၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၈.၁၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၉၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၈.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၃၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၃.၉၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၆၅ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်၊ စားသောက်ကုန်များတွင်ပါဝင်သည့် ဓာတုဓာတ်ကြွင်းလျော့ပါးစေရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပပြုလုပ်



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကကြီးမှူး၍ ရှမ်းပြည်နယ်အတွင်း ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ “ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေး ထွက်ကုန်၊ စားသောက်ကုန်များတွင်ပါဝင်သည့် ဓာတုဓာတ်ကြွင်း လျော့ပါးစေရေး အသိပညာပေးဆွေးနွေးပွဲ” ကို ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ စီးပွားရေးရာဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ကုန်သည် လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တောင်သူအစုအဖွဲ့များ၊ စီးပွား ရေးလုပ်ငန်းရှင်များ စုစုပေါင်း ၁၄၃ ဦး တက်ရောက်ခဲ့သည်။

ပြည်ပပို့ကုန်သီးနှံများထွက်ရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စိုက်ပျိုးရေး ထွက်ကုန်ကဏ္ဍမှ ပြောင်း၊ ပဲအမျိုးမျိုး၊ သစ်သီးဝလံနှင့် စားဖိုဆောင်သီးနှံများ ပြည်ပ သို့တင်ပို့ရောင်းချလျက်ရှိရာ အဓိကထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များအနက် ထောပတ်သီးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ခွင့်သဘောတူညီချက် စာချုပ် လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်မြှင့်တင်ရေးအတွက် ပိုးသတ် ဆေးဓာတ်ကြွင်းလျော့ပါးစေရေးမှာ အရေးကြီးကြောင်း၊ ထုတ်ကုန်များအား ပိုးသတ်ဆေး

ခေတ်ကြွင်းပမာဏပါဝင်မှု သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ် နိုင်ရေး အတွက် ကြုံတွေ့ရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ဆွေးနွေးနိုင်ခဲ့သည်။

အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအတူတကွ ပူးပေါင်းဆွေးနွေးဖြေရှင်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊လုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းများအတွက် လူမှုစီးပွားဘဝတိုးတက်ရေးအတွက်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲကို ညနေ ၅ နာရီ ၅၀ မိနစ်အချိန်တွင် အောင်မြင်စွာ ကျင်းပပြီးမြောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source : ပြည်တွင်းကုန်သွယ်မှုဦးစီးဌာန**

## သဇင်ပန်းများပေါ်ထွက်လာသလို ယခင်နှစ်ထက်ဈေးနှစ်ဆလောက်ဖြစ်နေ




ယခုရက်ပိုင်းအတွင်းတွင် ဈေးကွက်အတွင်းသို့ သဇင်ပန်းများဝင်ရောက်လာသလို လွန်ခဲ့သောနှစ်ကထက်ပင် ဈေးနှစ်ဆလောက် မြင့်မားနေကြောင်း အလှပန်းမျိုးစုံရောင်းဝယ်သူများထံမှ သိရသည်။

"မနှစ်တုန်းက တစ်ခက် ၃၀၀၀- ၄၀၀၀ ကျပ်ရှိတဲ့ အခက်သေး တစ်ခက်ဆိုရင် အခု ၇၀၀၀-၈၀၀၀ ကျပ် အသာလေးရှိတယ်၊ အခက်ကြီးခပ်လုလု အနေအထားဆိုရင် တစ်ခက်တည်းကို ၁၅,၀၀၀ ကျပ်လောက်ရှိနေတယ်" ဟု အလှပန်းမျိုးစုံရောင်းဝယ် လုပ်ကိုင်သူတစ်ဦးက ပြောသည်။

သဇင်ပန်းများမှာ စိုက်ပျိုးထားရာခြံအချို့တွင် နိုဝင်ဘာလအတွင်း စတင်ပွင့်လာလေ့ရှိပြီး လကုန်ပိုင်းလောက်မှ စတင်ရောင်းချလာလေ့ရှိသလို ယခု ဒီဇင်ဘာပထမပတ်အတွင်း စိုက်ပျိုးထားရာခြံအများစုမှ ပေါ်ထွက်စပြုလာခြင်းလည်း ဖြစ်သည်။

ဈေးကွက်အတွင်းတွင် ၄ လက်မအရွယ်ကို အခက်သေးအဖြစ်လည်းကောင်း၊ ၅ လက်မမှ ၆ လက်မအရွယ်ကို အခက်အလတ်၊ ၆ လက်မနှင့်အထက်ကို အခက်ကြီးအဖြစ် သတ်မှတ်ပြီး ရောင်းချခြင်းများရှိကြောင်း၊ လွန်ခဲ့သော ၂၀၂၃ ခုနှစ်လောက်က အခက်အသေးတစ်ခက်လျှင် ၁၅၀၀ ကျပ်သာရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ် သဇင်ပန်းပေါ်ချိန်တွင် ၄၀၀၀ ကျပ်အထိ မြင့်တက်လာပြီး ယခုနှစ်တွင် ၈၀၀၀ ကျပ်အထိပင်ဖြစ်လာကာ ယခင်နှစ်ကထက် နှစ်ဆလောက် မြင့်တက်လာခြင်းဖြစ်သည်။

ရန်ကုန်ဈေးကွက်အတွင်းတွင် ရန်ကုန်မြို့အတွင်း မင်္ဂလာဒုံ၊ မှော်ဘီဘက်ရှိ သဇင်ပန်းစိုက်ပျိုးသူများထံမှ ထွက်ရှိလာသည့် ပန်းများကိုရောင်းချနေပြီး မုဒုံ၊မော်လမြိုင်ဘက်မှပန်းအချို့လည်းဝင်ရောက်မှုရှိကြောင်း၊ အခက်အရွယ်အစားပေါ်မူတည်၍ တစ်ခက် လျှင် ၈၀၀၀ ကျပ်မှ ၁၅,၀၀၀၊ ၁၈,၀၀၀ ကျပ်လောက်အထိ ဈေးအသီးသီး ရှိနေကြောင်းသိရသည်။

Source : https://opinionleadersmedia.com/

## မြန်မာကုန်ထုတ်လုပ်သူများ လာမဲ့နှစ်အတွက် အကောင်းမြင်စိတ်ရှိ



မြန်မာနိုင်ငံက ကုန်ထုတ်လုပ်သူတွေအကြား ထုတ်လုပ်ရေးနဲ့ ပတ်သက်ပြီး လာမဲ့နှစ်အတွက် ရှုမြင်သုံးသပ်ချက်က အနည်းငယ်ပိုပြီး အကောင်းမြင်စိတ်ရှိခဲ့ကြောင်း လန်ဒန်အခြေစိုက် စီးပွားရေးဆိုင်ရာ သုတေသနအဖွဲ့ S&P Global ရဲ့ နိုဝင်ဘာလထုတ် မြန်မာထုတ်လုပ်မှု PMI စစ်တမ်းမှာ ဖော်ပြပါတယ်။

လာမဲ့ ၁၂ လအတွင်း တိုးပွားမှုအလားအလာများအတွက် သတိထားပြီး အကောင်းမြင်မှုရှိခဲ့တာလို့ စစ်တမ်းက ဆိုပါတယ်။

"တိုးပွားမှုနှုန်းက အနည်းငယ်နှေးတဲ့တိုင်အောင် မြန်မာနိုင်ငံရဲ့ ထုတ်လုပ်ရေးကဏ္ဍဟာ အမှာစာအသစ်တွေ မြင့်တက်မှုကို ဆက်လက်တွေ့ကြုံနေရကြောင်း နိုဝင်ဘာလအတွက် PMI ဒေတာက ပြသခဲ့ပါတယ်"လို့ S&P Global Market Intelligence က စီးပွားရေးပါရဂူ Maryam Baluch က ပြောပါတယ်။

S&P Global အနေနဲ့ မြန်မာထုတ်လုပ်မှု PMI ကို ထုတ်လုပ်သူ ၄၀၀ ခန့်ပါဝင်တဲ့ အဖွဲ့တွေက ထုတ်ကုန်ဝယ်ယူရေး မန်နေဂျာတွေရဲ့ ဖြေကြားချက်တွေကို အခြေခံပြီး တွက်ချက်ထားတာပါ။

ပြီးခဲ့တဲ့ နိုဝင်ဘာလမှာ မြန်မာနိုင်ငံ ထုတ်လုပ်ရေးကဏ္ဍ တစ်ဝှန်းလုံးမှာ လုပ်ငန်းအခြေအနေတွေက အရှိန်မှန်မှန်နဲ့ဆက်လက်ပြီး တိုးတက်မှုရရှိခဲ့တယ်လို့ စစ်တမ်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အမှာစာအသစ်တွေကလည်း ကဏ္ဍရဲ့ ဦးမော့မှုကို ဆက်လက်ဖြစ်စေခဲ့ပေမဲ့ ၎င်းတို့က ပိုမိုညင်သာတဲ့ တိုးချဲ့မှုနှုန်းကိုလည်း ပြသခဲ့ပါတယ်။

ထုတ်လုပ်ရေးမြင့်တက်မှုကို ခန့်မှန်းခဲ့ကြတဲ့လုပ်ငန်းတွေကပိုမိုကောင်းမွန်တဲ့ထုတ်လုပ်ရေး လုပ်ဆောင်နိုင်စွမ်းနဲ့ ထုတ်ကုန်အသစ်တွေ မိတ်ဆက်မှုအတွက် အစီအစဉ်တွေကို ရည်ညွှန်းခဲ့ကြကြောင်း စစ်တမ်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

**Source : BETV Business**

## ရန်ကုန်မြို့အတွင်း အိမ်ရောက်ပို့စနစ်ဖြင့် နှစ်ပတ်အတွင်း ဆန်အိတ်ပေါင်း ၃၄၀ ခန့် ရောင်းချနိုင်ခဲ့



ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းသို့ ၂၄ ပြည် ဆန်အိတ်များ အိမ်ရောက်ပို့စနစ်ဖြင့် နိုဝင်ဘာ ၂၆ရက်မှ ဒီဇင်ဘာ ၁၀ ရက်နေ့အထိ အိတ်ပေါင်း ၃၄၀ ခန့် ကို ရောင်းချနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၏ အချက်အလက်များ အရသိရသည်။

အဆိုပါစနစ်ဖြင့် ရောင်းချရာတွင် ဆန် အမျိုးအစား ၇ မျိုးအနက် ရွှေဘိုပေါ်ဆန်းဆန်အိတ်ရေ ၁၉၀ အိတ်ဖြင့် အများဆုံးရောင်းချနိုင်ခဲ့ပြီးရက် ၉၀ ဆန်အိတ်ရေ ၅၉ အိတ်ဖြင့် ဒုတိယအများဆုံး ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

အလားတူ ဧည့်မထဆန်အိတ်ရေ ၂၄ အိတ် ၊ ဧရာဝတီပေါ်ဆန်း ကြားပျံ (ဆန်သစ်)အိတ်ရေ ၂၉ အိတ်၊ ဧရာဝတီပေါ်ဆန်း ကြားပျံ (ဆန်ဟောင်း)အိတ်ရေ ၂၃ အိတ်၊ ဧရာဝတီပေါ်ဆန်းနယ်စုံ (ဆန်သစ်)အိတ်ရေ ၆ အိတ်နှင့် ဧရာဝတီပေါ်ဆန်း နယ်စုံ (ဆန်ဟောင်း)အိတ် ၉ အိတ် စုစုပေါင်း ၃၄၀အိတ်ကို အိမ်ထောင်စုအရေအတွက် ၂၆၇ ခုသို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။


ထို့ပြင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စက်မှုဇုန်များနှင့် လူမှုရေးအသင်းအဖွဲ့များထံသို့ ပြီးခဲ့သည့် နိုဝင်ဘာလက ပေါ်ဆန်း ၁၀ ကီလိုဂရမ် အိတ်ရေ ၅၂၀၄ အိတ်၊ဧည့်မထ (၁၀)ကီလိုဂရမ်အိတ်ရေ(၅၁၅၀) အိတ်ကို ပေးပို့ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆန်ဈေးနှုန်းများအနေဖြင့် ရွှေဘိုပေါ်ဆန်း (၂၄)ပြည် ဆန်ဟောင်း တစ်အိတ်လျှင် ငွေ ၁၈၀,၀၀၀ ကျပ်၊ ဧရာဝတီပေါ်ဆန်း (ကြားပျံ)(၂၄)ပြည်ဆန်ဟောင်းတစ်အိတ်လျှင်ငွေ ၁၅၀,၀၀၀ ကျပ်နှင့် ဧရာဝတီပေါ်ဆန်း(ကြားပျံ) (၂၄)ပြည် ဆန်သစ် တစ်အိတ်လျှင်ငွေ၁၃၀,၀၀၀ကျပ်ဖြင့်ရောင်းချနေကြောင်းသိရသည်။

ထို့ပြင် ဧရာဝတီပေါ်ဆန်း (နယ်စုံ) (၂၄)ပြည် ဆန်ဟောင်း တစ်အိတ်လျှင် ငွေ ၁၂၅,၀၀၀ ကျပ်၊ ဧရာဝတီပေါ်ဆန်း (နယ်စုံ) (၂၄)ပြည် ဆန်သစ်တစ်အိတ်လျှင် ၁၁၅,၀၀၀ ကျပ် ၊ ရက် ၉၀ ၂၄ ပြည်တစ်အိတ်လျှင် ငွေ ၇၅,၀၀၀ကျပ်နှင့် ဧည့်မထ (၁၅) မှတ် (၂၄) ပြည်တစ်အိတ်လျှင် ငွေ ၅၀,၀၀၀ ကျပ်တို့ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

Source : https://npnewsmm.com/

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်အပတ်နှင့် ယခုအပတ် နှိုင်းယှဉ်မှုအခြေအနေ



ဒီဇင်ဘာလ ဒုတိယပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည့် လယ်ယာထွက်ကုန် သီးနှံများဖြစ်သော ဂျုံဖြူသန့်၊ ဂျုံအထွက်တိုးဈေးငြိမ်၍ ကုလားပဲဖြူလုံးကြီး၊ ပဲစင်းငုံ ဈေးနှုန်းများမြင့်တက်နေပြီး ပဲတီစိမ်းကြီး၊ ကုလားပဲဖြူလုံးသေး၊ ကုလားပဲထိုင်ဝမ်နှင့် ကုလားပဲ 929 ဈေးနှုန်း ကျဆင်းနေကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း သီးနှံတစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် ၈၀၀၀၀ ကျပ်၊ဂျုံအထွက်တိုး ၆၅,၀၀၀ ကျပ်၊ ပဲစင်းငုံ ၇၉,၈၀၀ကျပ်၊ ပဲတီစိမ်းကြီး ၈၀,၀၀၀ မှ ၁၀၃,၀၀၀ကျပ်၊ ကုလားပဲဖြူလုံးကြီး ၇၆,၅၀၀ကျပ်၊ ကုလားပဲဖြူလုံးသေး ၇၂,၅၀၀ ကျပ် ကုလားပဲ 929 ၇၇,၅၀၀ကျပ်၊ ကုလားပဲ ထိုင်ဝမ် ၇၆,၅၀၀ ကျပ်ပေါက်ဈေးရှိကြောင်းသိရသည်။

ယခင်အပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် ၈၀,၀၀၀ကျပ်၊ ဂျုံအထွက်တိုး ၆၅,၀၀၀ ကျပ်၊ ပဲစင်းငုံ ၇၇,၃၀၀ ကျပ်၊ ပဲတီစိမ်းကြီး ၉၀,၀၀၀ မှ ၁၀၅,၀၀၀ကျပ်၊ကုလားပဲဖြူလုံးကြီး ၇၆,၀၀၀ကျပ်၊ ကုလားပဲဖြူလုံးသေး ၇၃,၀၀၀ ကျပ် ၊ ကုလားပဲ 929 ၇၈,၀၀၀ကျပ်၊ ကုလားပဲထိုင်ဝမ် ၇၈,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ယခုအပတ်နှင့် ယခင်အပတ် ကာလတူနှိုင်းယှဉ်ပါက ကုလားပဲဖြူလုံးကြီး တစ်တင်း ၅၀၀ကျပ်၊ ပဲစင်းငုံ တစ်တင်း ၂၅၀၀ ကျပ် မြင့်တက်လာပြီး ကုလားပဲဖြူလုံးသေး တစ်တင်း ၅၀၀ကျပ်၊ ကုလားပဲ 929 တစ်တင်း ၂၀၀၀ကျပ်၊ ကုလားပဲထိုင်ဝမ် တစ်တင်း ၁၅၀၀ကျပ်နှင့် ပဲတီစိမ်းကြီး တစ်တင်း ၂၀၀၀ကျပ် ကျဆင်းလာ ကြောင်း သိရသည်။

**Source : စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကိုရီးယားအမဲသားနှင့် ဝက်သားကို စင်ကာပူနိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့ရောင်းချ

ကိုရီးယားနှင့်စင်ကာပူနိုင်ငံတို့ ၁၀ နှစ်ကြာညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် အရည်အသွေးအကောင်းဆုံး ကိုရီးယား "ဟန်အူး"အမဲသားနှင့်ဂျယ်ဂျူကျွန်းမှ ဝက်သားများတင်ပို့ရေးသဘောတူညီချက်ကို တရားဝင်လက်မှတ်ရေးထိုးခဲ့ပြီး တစ်လခန့် အကြာတွင်ပထမဆုံးတင်ပို့မှုအဖြစ် တန်ချိန် ၄ ဒသမ၅ တန် တန်ဖိုးအားဖြင့် ဝမ် ၂၈၀ မီလီယံ (အမေရိကန်ဒေါ်လာ ၁၉၀,၀၀၀) တန်ဖိုးရှိ ဂျယ်ဂျူဟန်အူးအမဲသားနှင့်ဝက်သားများ တင်ဆောင်သည့် သင်္ဘောသည် စင်ကာပူနိုင်ငံသို့ အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်း၊အရှေ့တောင်အာရှနိုင်ငံသို့ ယခုကဲ့သို့တင်ပို့နိုင်မှုသည် ကိုရီးယား၏ မွေးမြူရေးထွက်ကုန်များ ပို့ကုန်ဈေးကွက် ချဲ့ထွင်ရေးအတွက် အရေးပါသောအမှတ်အသားတစ်ခုဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး ဝန်ကြီးဌာနများမှတာဝန်ရှိသူများကပြောကြားခဲ့သည်။

ကိုရီးယားက ဟန်အူးအမဲသားကို ဟောင်ကောင်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအိုနှင့် အာရပ်စော်ဘွားများပြည်ထောင်စု နိုင်ငံများပြီးလျှင်စင်ကာပူနိုင်ငံသည်အဌမမြောက်တင်ပို့သည့်နိုင်ငံဖြစ်သည်။

“တင်းကျပ်သောသွင်းကုန်စံနှုန်းများချမှတ်ထားသည့် စင်ကာပူနိုင်ငံသို့ကိုရီးယားမွေးမြူရေးထွက်ကုန်များ တင်ပို့နိုင်မှုသည် ကိုရီးယားမွေးမြူရေးထွက်ကုန်များဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှုစနစ်အတွက် နိုင်ငံ၏ ဂုဏ်သတင်းကို ပိုမိုမြင့်တင်ပေးနိုင်မည့် အထောက်အပံ့ဖြစ်ကြောင်း၊ ထို့ပြင် ဆိုးလ်မြို့၏ မွေးမြူရေးထုတ်ကုန်များကိုလည်း တိုးချဲ့တင်ပို့ရန် ကြိုးပမ်း အားထုတ်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း” အစားအသောက်နှင့်ဆေးဝါးဘေးအန္တရာယ်ကင်းရှင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က ဂျယ်ဂျူကျွန်းကိုခွာကွဲတိရစ္ဆာန်များ(နွားနှင့် ဝက်)တွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါကင်းစင်ဒေသအဖြစ်မေလကအသိအမှတ်ပြုခဲ့ကြောင်းသိရသည်။

**Source: TheKoreaTimes**

**https://commerce.gov.mm**

## ၂၀၂၅ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ Geographical Indication (GI) ထုတ်ကုန်များမှ ဝင်ငွေ ဘတ် ၁၁၄ ဘီလီယံရရှိခဲ့

ထူးခြားပြီးသီးခြားဖြစ်သည့် အရည်အသွေးမီပြည်တွင်းထုတ်ကုန်များကို စားသုံးသူများက ရှာဖွေလာသည်နှင့်အမျှ ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ Geographical Indication(GI)ထုတ်ကုန်များမှ ဝင်ငွေဘတ် ၁၁၄ ဘီလီယံကျော်ရရှိခဲ့ကြောင်း ဗန်ကောက်ပို့စ် သတင်းစာတွင် “GI products rake in over B114bn this year” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

မူပိုင်ခွင့်ဦးစီးဌာနက ယခုနှစ်အတွင်း GI မှတ်ပုံတင်ခြင်း၊ အရည်အသွေးထိန်းချုပ်ခြင်း၊ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များသို့ ဈေးကွက်ရှာဖွေရေးမြှင့်တင်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းရှင်များနှင့် ပြည်သူများကို GI ထုတ်ကုန်ဆိုင်ရာ အသိပညာများမျှဝေပေးခြင်းတို့ကို အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ GI ထုတ်ကုန်အရေအတွက် ၂၄၄ ခုကို မှတ်ပုံတင်ထားပြီးဖြစ်ရာ တန်ဖိုးအားဖြင့် ဘတ် ၁၁၄ ဘီလီယံဖြစ်ကြောင်း၊ GI ထုတ်ကုန်များသည် ဒေသခံပြည်သူများအတွက်အရေးပါပြီး ယင်းဒေသရှိ ထူးခြားသော ပုံရိပ်ဖြစ်ကြောင်း၊GI ထုတ်ကုန်များမှတ်ပုံတင်ခြင်းအတွက်အရည်အသွေးထိန်းချုပ်ခြင်းနှင့်စံနှုန်းများကို တင်းကျပ်လိုက်ခြင်းဖြင့် စားသုံးသူများ၏ ယုံကြည်မှုကိုတိုးပွားစေပြီး ၎င်းတို့၏ မျှော်မှန်းချက်နှင့်ကိုက်ညီသဖြင့် ဈေးနှုန်းအမြင့်ကို ရရှိစေကြောင်း၊ဒေသခံများအတွက် အလုပ်အကိုင်နှင့်ဝင်ငွေကိုလည်းတိုးစေကြောင်း မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mrs. Auramon Supthaweethum က ပြောကြားခဲ့သည်။

ယခုနှစ်ရရှိသည့် ဝင်ငွေတွင် ပါဝင်သည့် ထိပ်တန်း GI ထုတ်ကုန်များမှာ တာရက်ပြည်နယ် Monthong Khao Bantad ဒူးရင်းသီး၊ ယလာပြည်နယ်မှ Sa Ded Nam ဒူးရင်းသီး၊ ရယောင်းမှ Mon-thong ဒူးရင်းသီး၊ Khao Hom Mali Din Phu Kao Fai Buri Ram ဆန်၊ ပရာကျွန်ခီရီခန်မှ Thap Sakae အုန်းသီး၊ Phrae Spirit၊ ပတ်ချာဘွန်မန်ကျည်းသီးချို၊ စီစခတ်ကြက်သွန်၊ ရတ်ချဘူရီမှ Bang Phae ရေချိုပုစွန်ကြီးနှင့် နရသီဝတ်မှ Bang Nara ဒူးရီးသီးတို့ဖြစ်ကြောင်း၊ GI ထုတ်ကုန် ၂၀၃ မျိုးကို အရည်အသွေးထိန်းချုပ်ထားပြီး လုပ်ငန်းရှင် ၁၆,၀၀၀ သည် ထိုင်း GI အမှတ်တံဆိပ်အသုံးပြုခွင့် ရရှိထားကြောင်း၊ GI ထုတ်ကုန်အားလုံးအပေါ် အရည်အသွေးထိန်းချုပ်နိုင်ရေးကြိုးစားလျက်ရှိကြောင်း၊ယင်းစနစ်အရထုတ်ကုန်စံနှုန်းများကို တင်းကျပ်ထားပြီး အပြည့်အဝနောက်ကြောင်းပြန်လိုက်နိုင်သဖြင့် ထုတ်လုပ်မှုပမာဏကိုလည်းထိန်းချုပ်ထားနိုင်ရာရလဒ်အဖြစ် ထုတ်ကုန်၏ ရောင်းဈေးသည် GI မှတ်ပုံတင်ပြီးပါက ၂ ဆ မှ ၅ ဆအထိမြင့်တက်လာပါကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ဦးစီးဌာနအနေဖြင့် စားသောက်ဆိုင်များနှင့် ပူးပေါင်း၍ GI ထုတ်ကုန်များပါဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဟင်းချက်သင်တန်းကျောင်းများမှ ပို့ချသည့် သင်ခန်းစာများတွင် GI ပါဝင်ပစ္စည်းများ အသုံးပြုပုံကို သင်ကြားနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ပြည်ပနိုင်ငံများရှိ စီးပွားရေးသံမှူးများက ဈေးကွက်များကို လေ့လာသုံးသပ်၍ ထိုင်း GI ထုတ်ကုန်များကို အဆင့်မြင့် စားသုံးသူများ၏ လိုလားချက်များနှင့် ကိုက်ညီရန်၊ ထုတ်လုပ်သူများအတွက် အမှာစာပုံမှန်ရရှိရန်နှင့် GI ထုတ်ကုန်များ၏ တန်ဖိုးမြင့်တက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း Mrs. Auramon က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

# STOCK EXCHANGE (16.12.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 16th Dec. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,683 (Shares) | 15,570,450 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,600 | 8,600 | 8,500 | 84 | 714,400 | 33,109,694 | 281,432 |
| MTSH | 00002 | 3,500 | -100 | -2.78% | 3,600 | 3,600 | 3,500 | 2,361 | 8,479,600 | 38,929,150 | 136,252 |
| MCB | 00003 | 8,300 | +600 | +7.79% | 8,300 | 8,300 | 8,300 | 6 | 49,800 | 10,400,986 | 86,328 |
| FPB | 00004 | 2,500 | +100 | +4.17% | 2,400 | 2,500 | 2,350 | 866 | 2,087,850 | 29,664,613 | 74,162 |
| TMH | 00005 | 3,000 | +50 | +1.69% | 3,000 | 3,000 | 3,000 | 181 | 543,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,600 | 1,650 | 1,600 | 2,106 | 3,419,850 | 19,977,223 | 32,962 |
| AMATA | 00007 | 3,750 | +0 | +0.00% | 3,750 | 3,750 | 3,750 | 50 | 187,500 | 10,497,598 | 39,366 |
| MAEX | 00008 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 29 | 88,450 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 16th Dec. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 403.77 | +3.69 | +0.92% | 400.42 | 404.70 | 400.42 | 5,683 | 15,570,450 | 8 | 761,577 |

### Index chart




## Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

f 1:00 pm, 16th Dec. 2025

| ading Volume | Trading Value |
|---|---|
| 7,683 (Shares) | 20,970,450 (MMK) |

### Main Board

f 1:00 pm, 16th Dec. 2025

### tal Trading (MB) [Continuous trading + Block trading]

| ading Volume | Trading Value |
|---|---|
| 5,683 (Shares) | 15,570,450 (MMK) |

| IYANPIX | 403.77 ▲ 3.69 |
|---|---|
| al Volume (shares) | 5,683 |
| al Value (MMK) | 16 mil |
| ted Company | 8 |
| rket Cap. (MMK) | 761,577 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,500 | ▼ 100 |
| MCB | 00003 | 8,300 | ▲ 600 |
| FPB | 00004 | 2,500 | ▲ 100 |
| TMH | 00005 | 3,000 | ▲ 50 |
| EFR | 00006 | 1,650 | ▲ 50 |
| AMATA | 00007 | 3,750 | ▲ 0 |
| MAEX | 00008 | 3,050 | ▲ 0 |